**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**
**သတင်းအချက်အလက်နည်းပညာတက္ကသိုလ်**

**မဟာကွန်ပျူတာသိပ္ပံဘွဲ့/မဟာကွန်ပျူတာနည်းပညာဘွဲ့ သင်တန်းသား/သူများ ခေါ်ယူခြင်း**

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန လက်အောက်ရှိ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်တွင် မဟာဘွဲ့ သင်တန်းများကို ၂၁-၁၁-၂၀၂၂ ရက်(တနင်္လာနေ့)တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ အထက်ပါ မဟာဘွဲ့သင်တန်းများသည် အချိန်ပြည့်သင်တန်းဖြစ်ပြီး စုစုပေါင်း (၂)နှစ် သင်တန်းဖြစ်ပါသည်။

၃။ သင်တန်းအား အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ပြီး သင်တန်းစည်းကမ်းချက်များကို လိုက်နာနိုင်သူ ဖြစ်ရမည်။

၄။ ပညာအရည်အချင်းသတ်မှတ်ချက်၊ စာရွက်စာတမ်း အထောက်အထားများ ပြည့်စုံစွာ တင်ပြနိုင်သူဖြစ်ရမည်။

၅။ အဆိုပါ သင်တန်းသို့ အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၌ ဖွင့်လှစ်ခဲ့သည့် ဘွဲ့ကြိုသင်တန်းများတွင် ထူးချွန်စွာ အောင်မြင်ခဲ့ပြီး မဟာဘွဲ့ သင်တန်းသို့ တက်ရောက်ရန် အဆင့်မီသူများ၊

(ခ) သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၌ ဖွင့်လှစ်သည့် ဘွဲ့ကြိုသင်တန်းအောင်မြင်ပြီးနောက် လုပ်ငန်းခွင်အတွေ့အကြုံ အနည်းဆုံး(၁)နှစ်ရှိသူများ၊

(ဂ) တစ်ခြားကွန်ပျူတာတက္ကသိုလ်များ၌ ဘွဲ့ကြိုသင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့ပြီး မဟာဘွဲ့ သင်တန်းသို့ တက်ရောက်ရန် အဆင့်မီသူများ၊

၆။ သင်တန်းတက်ရောက်ရန် လျှောက်ထားသူများအနက် အထက်ဖော်ပြပါ စာပိုဒ် (ခ)နှင့် (ဂ)ပါ သတ်မှတ်ချက် များနှင့် ကိုက်ညီသူများသည် သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ (Entrance Exam)ကို အောက်ပါအတိုင်း ဖြေဆိုရမည်ဖြစ်ပြီး အင်္ဂလိပ်ဘာသာနှင့် ဘာသာရပ်ဆိုင်ရာများ **(Data Structure, Artificial Intelligence, Operating System, Software Engineering, Data Analysis and Managenment, Computer Networking, Computer Architecure, Maths (IQ Test)** အား ဖြေဆိုရမည်ဖြစ်ပါသည်-

| **နေ့ရက်** | **ဘာသာရပ်** | **အချိန်** | **နေရာ** |
|---|---|---|---|
| ၁၅-၁၁-၂၀၂၂ (အင်္ဂါနေ့) | အင်္ဂလိပ်စာ | **(၀၉:၀၀) မှ(၁၁:၀၀)နာရီ** | သတင်းအချက်အလက်နည်းပညာတက္ကသိုလ် |
| | ဘာသာရပ် | **(၁၃:၀၀) မှ (၁၅:၀၀)နာရီ** | |

၇။ ရေးဖြေစာမေးပွဲအောင်မြင်သူများစာရင်းကို ၁၅-၁၁-၂၀၂၂ ရက်(အင်္ဂါနေ့)တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို ၁၆-၁၁-၂၀၂၂ ရက်(ဗုဒ္ဓဟူးနေ့)တွင် သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၌ ဖြေဆိုကြရမည် ဖြစ်ပါသည်။ မဟာဘွဲ့သင်တန်း တက်ရောက်ခွင့်ရရှိသူများစာရင်းကို ၁၈-၁၁-၂၀၂၂ ရက် (သောကြာနေ့)တွင် ထုတ်ပြန်ကြေညာမည်။

၈။ သင်တန်းဝင်ခွင့်ဖြေဆိုရန် လာရောက်သောအခါ မိမိ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် စာမေးပွဲဖြေဆိုခွင့် ကတ်ပြားများကို တစ်ပါတည်း ယူဆောင်လာရမည်။

၉။ သင်တန်းဝင်ခွင့် လျှောက်လွှာပုံစံများကို သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၊ ကျောင်းသားရေးရာဌာနတွင် ၃၁-၁၀-၂၀၂၂ ရက်(တနင်္လာနေ့)မှ စတင်ရယူနိုင်ပြီး ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၂)ပုံနှင့်အတူ ၁၁-၁၁-၂၀၂၂ ရက်(သောကြာနေ့) နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

၁၀။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၊ ပါရမီလမ်း၊ တက္ကသိုလ်များလှိုင်နယ်မြေ၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ဖုန်း ၀၁-၉၆၆၄၇၀၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။